# ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ နိတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ တညီတညွတ်တည်းသဘောတူဆုံးဖြတ်ခကတ်သည်။ ယင်းဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီက ချမှတ်ခဖူးသော ဆုံးဖြတ်ချက်များထဲတွင် စစ်ပွဲကြောင့် အမျိုးသမီးရို့အပေါ် ထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏ အရေးပါမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရို့နင့်စပ်လျဉ်းသည့် အထူးအလီးထားဆုံးဖြတ်ခသည့် ပထမဦးဆုံးသော ဆုံးဖြတ်ချက်လည်းဖြစ်ပေသည်။

● လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သည့် အမှတ် ၁၂၆၁ (၁၉၉၉) ၂၅ ရက်၊ ဩဂုတ်လ ၁၉၉၉၊ အမှတ် ၁၂၆၅ (၁၉၉၉) ၁၇ ရက်၊ စက်တင်ဘာလ ၁၉၉၉၊ အမှတ် ၁၂၉၆ (၂၀၀၀) ၁၉ ရက်၊ ဧပြီလ ၂၀၀၀၊ အမှတ် ၁၃၁၄ (၂၀၀၀)၊ ၁၁ ရက်၊ ဩဂုတ်လ ၂၀၀၀ ရို့ကို ပြန်လီသတိပြုလျှက်လည်းကောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌကထုတ်ပြန်ခသည့် ဆက်စပ်လျှက်ဟိသော ထုတ်ပြန်ချက်များကိုလည်း ပြန်လီသတိပြုလျှက်လည်းကောင်း၊ ၈ ရက်၊ မတ်လ ၂၀၀၀ (အက်စ်စီ/၆၈၁၆) နိတွင် ကျရောက်သည့် အမျိုးသမီးအခွင့်အရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးများအတွက် ကုလသမဂ္ဂနိ အခါသမယအား အလီးအနက်ပြုလျှက်လည်းကောင်း၊

● ဘီကျိန်း **(Beijing)** ကြေငြာချက်နန့် လုပ်ငန်းလမ်းညွှန်မှုဝါဒ (အေ/၅၂/၂၃၁) ပါ မဖြစ် မနီဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ပြုထားသည်ရို့ကို ပြန်လီသတိပြုလျှက်လည်းကောင်း၊ ***"သက္ကရာဇ် ၂၀၀၀ အမျိုးသမီး"*** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခသည့် (၂၃) ကြိမ် မြောက် ကုလသမဂ္ဂ အထူးအထွေထွေညီလာခံမှ ထွက်ပေါ်ခသည့် ရလာဒ်မှတ်တမ်း များတွင် ပါဝင်သည်ကို ပြန်လီသတိပြုလျှက်လည်းကောင်း၊

● နှစ်ဆယ့်တစ်ရာစုတွင် လိင်တူလိင်ကွဲ မခွဲခြားသည့် တန်းတူညီမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး (အေ/အက်စ်– ၂၃/၁၀/အာရ်အီးဗီ ၁)၊ အထူးသဖြင့် အမျိုးသမီးရို့နန့် လက်နက်ကိုင်ပဋိပက္ခများနန့် စပ်လျဉ်း၍လည်းကောင်း၊

● ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်းပါ လုံခြုံရေးကောင်စီ၏ အဓိကထမ်းဆောင်ရန်တာဝန်များကို အထူးသတိပြု နှလုံးသွင်းလျှက်လည်းကောင်း၊

● လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးကြောင့် ဒုက္ခခံစားရသူများ၊ အရပ်သားများ (အထူးသဖြင့် အမျိုးသမီးများနှင့် အချေသူငယ်များ)၊ ဒုက္ခသည်များနှင့် နီရပ်ဌာနီမှ အတင်းအဓမ္မ ရွှေ့ပြောင်းမောင်းထုတ်ခြင်းခံရသူရို့သည် လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သူရို့နှင့် စစ်သားရို့မှ ၄င်းရို့အပေါ် အဓိကပစ်မှတ်သဖွယ် ပြုမူမှုများ တိုးပွားလာခြင်းရို့အပေါ် စိုးရိမ်မှုအားဖော်ပြလျှက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ပြန်လီသွီးစည်းညီညွှတ်ရေးအပေါ် ထိခိုက်စီသည့်အကျိုးဆက်များအား အထူးသတိပြုလျှက်လည်းကောင်း၊

● ငြိမ်းချမ်းမှုတည်ဆောက်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းရို့တွင် အမျိုးသမီးရို့၏ အရေးပါသော အခန်းကဏ္ဍအား ပြန်လီအတည်ပြု အာမခံ၍လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ကဏ္ဍရို့တွင်လည်း ၄င်းရို့၏ တန်းတူညီမျှအချိုးကျ အပြည့်အဝပါဝင်ဆောင်ရွက်မှု၏ အရေးပါမှုအား အလီးအနက်ပြု၍လည်းကောင်း၊ ပဋိပက္ခဖြီရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းရို့နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတွင် ၄င်းရို့၏ အခန်းကဏ္ဍများ မြင့်မားလာမှုကို အလီးအနက်ပြု၍လည်းကောင်း၊

● ပဋိပက္ခတွင်းနှင့် အပြီးကာလရို့တွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေရို့မှ မိန်းမချေနှင့် အမျိုးသမီးရို့အပေါ် ကာကွယ်ပီးထားသည့် နိုင်ငံတကာဥပဒေရို့အား အပြည့်အဝအကောင်အထည်ဖေါ်ဆောင်နိုင်ရေး လိုအပ်ချက်ရို့ကို ပြန်လီအတည်ပြုအာမခံ၍လည်းကောင်း၊ မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်သတိပီးရေးဆိုင်ရာ အစီအစဉ်ရို့တွင် အမျိုးသမီးရို့နှင့် မိန်းမချေရို့၏ အထူးလိုအပ်ချက်ရို့အား ထည့်သွင်းစဉ်းစားမည့် သက်ဆိုင်သူအုပ်စုအားလုံး၏ တိကျသည့် အာမခံချက်ရပီးရေး လိုအပ်ချက်အား အလီးအနက်ထားဖေါ်ပြ၍လည်းကောင်း၊

● ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမဟုတ်သည့်အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစီရေးအတွက် အရေးတကြီးလုပ်ဆောင်ရန် လုပ်အပ်ချက်ကို အသိအမှတ်ပြုသည်နှင့်အမျှ ဤအချက်အတွက် “ဝိန်းဟုတ်ကြေငြာချက်”

နန့် ကွဲပြားသည့် ဘက်မျိုးစုံဖြင့်မြင်သော ငြိမ်းချမ်းမှုထောက်ပံ့ရေး လုပ်ငန်းစီမံချက်ရို့တွင် လိင်ခွဲခြားမှုမဟိသည့်အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစီရေးဆိုင်ရာ နမီးဘီးယား လုပ်ငန်းဆောင်ရွက်မှုစီမံကိန်း (အက်စ်/၂၀၀၀/၆၉၃)ရို့အား မှတ်ချက်ပြု၍လည်း ကောင်း၊

● ပဋိပက္ခအခြေအနေရို့တွင် အမျိုးသမီးရို့နန့် အချေသူငယ်ရို့၏ အခြီခံလိုအပ်ချက်ရို့နန့် လူ့အခွင့်အရေးရို့အား ကာကွယ်ရေးအတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ဆောင်သူရို့အား အထူးလိကျင့်သင်တန်းပီးရေးဆိုင်ရာ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ မတ်လ ၂၀၀၀၊ ၈ ရက်နိ နိစွဲဖြင့် သတင်းဌာနရို့သို့ ထုတ်ပြန်သည့် ကြေငြာချက်တွင် ပါဝင်သောအဆိုပြုချက်၏ အရေးပါမှုအား အသိအမှတ်ပြု၍လည်းကောင်း၊

● အမျိုးသမီးရို့နန့် အချေသူငယ်ရို့အပေါ် လက်နက်ကိုင်ပဋိပက္ခများ၏ ထိခိုက်နစ်နာစီမှု၊ ၎င်းရို့အား ကာကွယ်ရေးအတွက်အာမခံရန် သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် ထိရောက်သည့်စီမံမှုများနန့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်မှုရို့က နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုရို့အား ထိန်းသိမ်းခြင်းနန့် မြှင့်တင်ခြင်းရို့အတွက် ကြီးစွာသောအထောက်အပံ့ ဖြစ်စီနိုင်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊ အထောက်အပံ့ဖြစ်စီနိုင်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

**အမျိုးသမီးရို့နန့် အချေသူငယ်ရို့အပေါ် လက်နက်ကိုင်ပဋိပက္ခတိကြောင့် ထိခိုက်နစ် နာစီမှုနန့် စပ်လျဉ်းသည့် အချက်အလက်များ အင်အားကောင်းစီရေး လိုအပ်ချက် အားမှတ်ချက်ပြု၍–**

၁။ ပဋိပက္ခများအား တားဆီးကာကွယ်ရေး၊ စီမံခန့်ခွဲရေးနန့် အဖြေရှာရေးများအတွက် နိုင်ငံချင်းစီအလိုက်၊ ဒေသဆိုင်ရာနန့် အပြည်ပြည်ဆိုင်ရာမှ အဖွဲ့အစည်းအသီးသီးနန့် အခြားအကောင်အထည်ဖေါ်ဆောင်မှု ကဏ္ဍအသီးသီးရို့၌ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်း၌ အမျိုးသမီးကိုယ်စားပြု ပါဝင်မှုအား တိုးမြှင့်ရေးအတွက် ခိုင်မာသည့် အာမခံချက်ပြုရန် အဖွဲ့ဝင်နိုင်ငံရို့အား တိုက်တွန်းသည်။

၂။ ပဋိပက္ခဖြေရှင်းရေးနန့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်း၌ အမျိုးသမီးရို့၏ ပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ တောင်း

ဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုစီမံချက် (အေ/ ၄၉/၅၈၇) အား အရှိန်မြှင့်လုပ်ဆောင်ရန် ၄င်းအား အားပေးထောက်ခံသည်။
၃။ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်များ၊ အထူးသံတမန်များ အဖြစ် ၄င်း၏ကိုယ်စား တာဝန်များ ထမ်းဆောင်သည့်နေရာများတွင် အမျိုးသမီးများ အား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံရို့အားလည်း နိုင်ငံအလိုက် အလှည့်ကျစံနစ်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ကိုယ်စားလှယ်ရို့အား စီလွှတ်ရန်တောင်းဆိုသည်။ ထို့အပြင်လည်း–

၄။ ကုလသမဂ္ဂ၏ ရှိတန်းအခြီစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ လေ့လာသူရို့၊ အရပ်ဘက် ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနန့် လူသားချင်းစာ နာမှုဆိုင်ရာလုပ်ငန်းများ၌ အကူအညီပေးနီသူရို့၏နီရာတွင် အမျိုးသမီးရို့၏ ပါဝင် မှုအခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွီရန် အထွေထွေအတွင်း ရေးမှူးချုပ်အား ထပ်မံ၍တိုက်တွန်းသည်။

၅။ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမဟိသောအမြင်ဖြင့် ချဉ်းကပ်ခြင်းအား အားဖြည့်သည့် လုံခြုံရေးကောင်စီ၏ စိတ်အားထက်သန်မှုအား ဖေါ်ပြသည့်အပြင် သင့်လျော်သည့် မည်သည့်ရှိတန်းလုပ်ငန်းစီမံချက်တွင်မဆို လိင်ကွဲပြားမှုအပေါ် ခွဲခြားမှုမဟိဘဲ ပါဝင်နိုင်ရေးကို အာမခံချက်ပီးရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

၆။ အမျိုးသမီးရို့၏ အထူးလိုအပ်ချက်များနှင့် ကာကွယ်ရေး၊ အခွင့်အရေး များရို့နှင့် စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနန့် အထောက်အကူပြု ပစ္စည်းများ အပါအဝင် ငြိမ်းချမ်းမှုထိန်းသိမ်းခြင်းနန့် တည်ဆောက်ခြင်းဆိုင်ရာ ဆောင်ရွက်မှုတိုင်း တွင် အမျိုးသမီးရို့ ပါဝင်ဆောင်ရွက်မှု၏ အရေးပါမှုနန့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများ အား အထောက်အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်းဆို သည်။

အထက်ပါကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်အပြင် စစ်ဘက်နှင့်ရပ်ဘက် ဝန်ထမ်းရို့အား အမျိုးသားလုပ်ငန်းစီမံချက်များအတွက် လိကျင့်သင်ကြားပီးသည့် အစီအစဉ်ရို့၌ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် အန္တရာယ် သတိပြုရေးဆိုင်ရာ လိကျင့်သင်ကြားသည့် အစီအစဉ်အားထည့်သွင်းရန် အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်သည်။

ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရပ်ဘက်ဝန်ထမ်းများအနေဖြင့် အလားတူသင်တန်းများရယူနိုင်ရေး အာမခံချက်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား ထပ်မံ၍ ပန်ကြားတောင်းဆိုသည်။

၇။ ကုလသမဂ္ဂအမျိုးသမီးရန်ပုံငွေ၊ ကုလသမဂ္ဂအချေရိုနိပုံငွေ၊ ကုလသမဂ္ဂ ဒုက္ခသည်ရုံးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားသက်ဆိုင်ရာ ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများ၊ စီမံကိန်းများသို့ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ဆန္ဒဖြင့် ဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားအထွေထွေထောက်ပံ့မှုတို့အား လိင်ခွဲခြားမှုမဟုတ်သည့် ပညာပေးဆိုင်ရာ သင်တန်းအကျိုးဖြစ်ထွန်းရေးနှင့် အခြားအစီအစဉ်တို့အတွက် ဘဏ္ဍာငွေတိုးမြှင့်ထည့်ဝင်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

၈။ ငြိမ်းချမ်းရေးသဘောတူညီချက်တို့အား ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စများတွင် လိင်ခွဲခြားမှုကင်းဝီးရေးရှုထောင့်ဖြင့် အထူးအကျုံးဝင်သည်မှာ–

(က) ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ ပြန်လည်မြှင့်တင်ခြင်းနှင့် ပဋိပက္ခလွန်ကာလဖြစ်သည့် ပြန်လည်တည်ဆောက်ခြင်းကာလတို့တွင် အမျိုးသမီးတို့နှင့် အမျိုးသမီးချေရိုတို့၏ အထူးလိုအပ်ချက်တို့အား အသိအမှတ်ပြုရန်၊

(ခ) ဒေသခံအမျိုးသမီးတို့၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဆိုင်ရာအစီအစဉ်များ၊ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ မိမိတို့ဒေသအလိုက် လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးတို့ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာတို့ကို အထောက်အပံ့ပြုသည့် လုပ်ငန်းစဉ်အဆင့်များ ဖော်ဆောင်ရန်၊

(ဂ) အမျိုးသမီးတို့နှင့် အမျိုးသမီးချေရိုတို့၏ အခွင့်အရေးတို့အား လေးစားလိုက်နာရေးနှင့် လိင်ခွဲခြားမှုမဟုတ်သည့်အမြင်အား အခြေခံဥပဒေရေးဆွဲရေး၊ ရွေးကောက်တင်မြှောက်ခြင်း၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆက်စပ်ပတ်သက်လာသည့်အခါ ထည့်သွင်းစဉ်းစား အလေးထား၍ ကာကွယ်မှုပေးရန် ပါဝင်ဆောင်ရွက်နိုင်သူတို့အား တောင်းဆိုသည်။

၉။ အမျိုးသမီးတို့နှင့် အမျိုးသမီးချေရိုတို့အား အရပ်သားတို့အဖြစ် အကာအကွယ်ပေးရေးနှင့် အခွင့်အရေးများဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေများ၊

အထူးသ ဖြင့် ၁၉၄၉ ခုနှစ်၊ ဂျနီဗာသဘောတူစာချုပ်နှင့် ၄င်းအား ထပ်မံဖြည့်စွက်သည့် ၁၉၇၇ ခု နှစ်၊ ထပ်ဖြည့်သဘောတူညီချက်များတွင် လည်းကောင်း၊ ၁၉၅၁ ခုနှစ် ဒုက္ခသည်များ ဆိုင်ရာ သဘောတူစာချုပ်နှင့် ၄င်းအား ထပ်မံဖြည့်စွက်သည့် ၁၉၆၇ ခုနှစ်၊ ထပ်ဖြည့် သဘောတူညီချက်များတွင် လည်းကောင်း၊ ၁၉၇၉ ခုနှစ် အမျိုးသမီးရို့အား နည်းမျိုးစုံ ဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ၄င်းအားထပ် မံဖြည့်စွက်သည့် ၁၉၉၉ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက်များအရ ၃၁ ရက်၊ အောက်တိုဘာလ ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်သည့် လုံခြုံရေးကောင်စီညီလာခံအမှတ် ၅ သတင်းထုတ်ပြန်ချက်– အက်စ်/ဖ၉၄၂/ ၄၂၁၃ ကြိမ်မြောက် အစည်းအဝေး (ပီအမ်မ်) – တွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ်၊ ကုလသမဂ္ဂ အချေသူငယ်ရို့ အခွင့်အ ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ၄င်းအားထပ်မံဖြည့်စွက်သည့် ၂၅ မေ ၂၀၀၀ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက် နှစ်ရပ်ရို့တွင်လည်းကောင်း ဖေါ်ပြထား သည့် လိုက်နာရမည့် တာဝန်များနှင့်ပတ်သက်၍ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင် ပတ်သက်နီသည့် အုပ်စုများအားလုံးမှ အပြည့်အဝ လီးစားလိုက်နာ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမဆုံးဖြတ်ချက်များမှ လိုက်နာ ရန်လို အပ်သည်များအား အထူးသတိပြုရန် တိုက်တွန်း တောင်း ဆိုသည်။

၁၀။ လိင်အခြီခံပြု အကြမ်းဖက်မှုများမှ အမျိုးသမီးရို့နှင့် အမျိုးသမီးချေရို့အပေါ် ကျူးလွန်မှုများကို ကာကွယ်ရန်၊ (အထူးသဖြင့် မုဒိန်းပြုကျင့်မှု၊ လိင်အခြီပြုအကြမ်းဖက် နှောင့်ယှက်စော်ကားမှုများမှ ကာကွယ်ရန်)၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနီသည့် အခြေအနေတွင်ဟိသည့် အခြားသောအကြမ်းဖက်မှု ပုံသဏ္ဌာန်များအားလုံးမှ အကာအကွယ်ပီးရန် အထူးဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်လျှက်ဟိသော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၁။ အမျိုးသမီးရို့နှင့် အမျိုးသမီးချေရို့အား လိင်အခြီပြုအဓမ္မပြုကျင့်မှုအပါအဝင် စစ်ပွဲအတွင်း ပြစ်မှုကျူးလွန်မှုများ၊ လူမဆန်ကျူးလွန်သည့်ပြစ်မှုများ၊ လူမျိုးတုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများအတွက် တာဝန်ဟိသူရို့အား တရားစီရင်ရန်၊ ပြစ်မှုတစုံ တရာကျူးလွန်ပါလျှက် ပြစ်ဒဏ်ကင်းလွတ်ခြင်းများ အဆုံးသတ်ရန်နန့် အထူးအလီး ထားပြောလိုသည်မှာ ထိုသို့ကျူးလွန်သူရို့အား လွတ်ငြိမ်းချမ်းသာခွင့် ပီးခြင်းများမှ ဖြစ်နိုင်သရွေ့ ချောင်ရှားရန်ရို့အတွက် အစိုးရရို့၏ တာဝန်ဟိမှုအား အလီးအနက်ပြု ဖေါ်ပြသည်။

၁၂။ ဒုက္ခသည်စခန်းများနှင့် ပြောင်းရွှေ့အခြေစိုက်နေထိုင်သည့် နေရာများတွင် လူမှုယဉ်ကျေးမှုနှင့် လူသားလက္ခဏာရပ်အား လေးစားလိုက်နာရန်၊ အထူးသဖြင့် အဆိုပါနေရာများ၏ ဖွဲ့စည်းတည်ဆောက်ပုံသည် အမျိုးသမီးနှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိစေရေး အလေးအနက်ထည့်သွင်းစဉ်းစားရန်နှင့် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ချမှတ်ခဲ့သည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၂၀၈ (၁၉၉၈) အား ပြန်လည်အမှတ်ရ သတိပြုရန် သက်ဆိုင်သူအုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၃။ လက်နက်ဖြုတ်သိမ်းခြင်း၊ အုပ်စုဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့တွင် လက်နက်ကိုင်တိုက်ခိုက်ခဲ့ဖူးသော အမျိုးသမီး၊ အမျိုးသားတို့၏ မတူကွဲပြားသော လိုအပ်ချက်များကို စဉ်းစားရန်နှင့် ၎င်းတို့အား မှီခိုနေသူတို့၏ လိုအပ်ချက်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် စီမံချက်ရေးဆွဲရာတွင် ပါဝင်သူအားလုံးအား အားပေးတိုက်တွန်းသည်။

၁၄။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၄၁) အရ ဆောင်ရွက်ရသည့်အခါတိုင်းတွင် အရပ်သားပြည်သူလူထုပေါ် ဖြစ်နိုင်ခြေရှိသည့် ထိခိုက်နစ်နာစရာများအား ထည့်သွင်းစဉ်းစားရမည့်အပြင် လူသားချင်းစာနာထောက်ထားသည့်အားဖြင့် သင့်လျော်သော ကူညီထောက်ပံ့မှုများအား စဉ်းစားသည့်အခါတွင်လည်း အမျိုးသမီးနှင့် အမျိုးသမီးငယ်တို့၏ အထူးလိုအပ်ချက်များအား အလေးထားထည့်သွင်းစဉ်းစားရန် အသင့်ရှိသည့်အကြောင်း ထပ်မံအတည်ပြုအာမခံသည်။

၁၅။ ပြည်တွင်းနှင့် နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများ တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းမှတဆင့် လုံခြုံရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့များတွင် ယောက်ျား၊ မိန်းမ ဟူသည့် လိင်ခွဲခြားမှုမရှိသည့်အမြင်နှင့် အမျိုးသမီးအခွင့်အရေးများအား ထည့်သွင်းစဉ်းစားခြင်းကို အာမခံရန် ၎င်း၏ဆန္ဒပြင်းပြမှုအားဖော်ပြသည်။

၁၆။ လက်နက်ကိုင် ပဋိပက္ခများကြောင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်တို့အပေါ် ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးတို့တွင် ပါဝင်ဆောင်ရွက်သည့် မတူကွဲပြားသည့် အမြင်များနှင့်ပတ်သက်၍ လေ့လာမှုတခုပြုလုပ်ရန် အထွေထွေအတွင်းရေးမှူးချုပ်အား

တောင်းဆိုသည်။ ထို့အပြင် ထိုလေ့လာမှု၏ ရလာဒ်များအား လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတခု တင်သွင်းရန်နှင့် ထိုအစီရင်ခံစာအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံးသို့ ဖြန့်ဝီရန် ၄င်းအားထပ်မံတောင်းဆိုသည်။

၁၇။ ငြိမ်းချမ်းရေးထိန်းသိမ်းမှု ကိုယ်စားလှယ်အဖွဲ့များမှတဆင့် ယောက်ကျား မိန်းမ ညီတူ မျှတူ ပါဝင်ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေနှန့် အမျိုးသမီးရို့၊ အမျိုးသမီးချေရို့နှင့် ပတ်သက်ဆက်စပ်သော ကိစ္စရပ်များအားလုံးကို လုံခြုံရေး ကောင်စီသို့ တင်သွင်းသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် သင့် လျော်သလို ထည့်သွင်းရန် ၄င်းအားပြန်ကြားတောင်းဆိုသည်။

၁၈။ ဤအရေးကိစ္စအား တက်ကြွစွာ ကိုင်တွယ်ဆောင်ရွက်မှုကို ဆက်လက်၍ထိန်း သိမ်းလားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

## ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၏ အနှစ်ချုပ်အချက်များ

*လုံခြုံရေးကောင်စီ၏ (၁၈) ချက်ပါဝင်သည့် ယင်းဆုံးဖြတ်ချက်တွင်–*

■ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးရို့ကိုယ်စားပြုမှု တိုးမြှင့်ရေး အာမခံရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

■ ပဋိပက္ခ ဖြေရှင်းရေးနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်း၌ အမျိုးသမီးရို့၏ ပါဝင်မှု မြှင့်တင်ရေးဆိုင်ရာ တောင်းဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ မဟာဗျူဟာလုပ်ငန်းဆောင်ရွက်မှု စီမံချက် (အေ/၄၉/၅၈၇)အား အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ၎င်းအား အားပေးထောက်ခံသည်။

■ အထူးကိုယ်စားလှယ်များနှင့် သံတမန်များအဖြစ် အမျိုးသမီးရို့အား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

■ ကုလသမဂ္ဂ၏ ရှိတန်းအခြေစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာလေ့လာသူများ၊ အရပ်ဘက်ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများထဲတွင် အမျိုးသမီးရို့၏ ပါဝင်မှုအခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွေရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

■ အမျိုးသမီးရို့၏ အထူးလိုအပ်ချက်များနှင့်ကာကွယ်ရေး၊ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနန့် အထောက်အကူပစ္စည်းများ အထောက်အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်းဆိုသည်။

■ လိင်ခွဲခြားမှုဆန့်ကျင်ရေးအထူးပြု လိုလာသင်ကြားရေး ကြိုးပမ်းမှုများအတွက် ၎င်းရို့၏ ဆန္ဒဖြင့်ပါဝင်သော ဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားအထွေထွေထောက်ပံ့မှုများအား တိုးမြှင့်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

■ အမျိုးသမီးရို့နှင့် အမျိုးသမီးချေရှိုအား အရပ်သားများအဖြစ် အသိအမှတ်ပြုအကာအကွယ်ပေးရေးနှင့်အခွင့်အရေးများဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေများအား လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အုပ်စုများအားလုံးမှ အပြည့်အဝ လေးစားလိုက်နာဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုသည်။

■ အမျိုးသမီးရို့နှင့် အမျိုးသမီးချေရှို့အပေါ် ကျူးလွန်သည့် လိင်ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများမှ ကာကွယ်ရန်၊ အထူးသဖြင့် မုဒိန်းပြုကျင့်မှုနန့် လိင်အခြေပြု၍ အခြားသောနည်းများဖြင့် မတော်မတရားပြုကျင့်မှုများမှ အကာအကွယ်ပေးရန် အထူးဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်လျှက်ဟိကြသော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

■ အမျိုးသမီးရို့နှင့်အမျိုးသမီးချေရှို့အား လိင်အခြေပြု အဓမ္မပြုကျင့်မှုနန့် အခြားပုံသဏ္ဍာန်မျိုးစုံဖြင့် အကြမ်းဖက်မှုများတွင် ဆက်စပ်ပတ်သက်သူများ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများအတွက် တာဝန်ဟိသူရို့အား တရားစီရင်ရန်၊ ပြစ်မှုတစုံတရာ ကျူးလွန်ပါလျှက် ပြစ်ဒဏ်ကင်းလွတ်မှုများ အဆုံးသတ်ရေးအတွက် အစိုးရရို့၏ တာဝန်ဟိမှုအား အလေးအနက်ပြုပေါ်ပြသည်။

■ ဒုက္ခသည် စခန်းများနန့် ပြောင်းရွှေ့အခြေစိုက်နေထိုင်ရာ နေရာများတွင် ယဉ်ကျေးမှုနှင့် လူမှုလက္ခဏာများအား လေးစားလိုက်နာရန်၊ အထူးသဖြင့် အမျိုးသမီးရို့နှင့် အမျိုးသမီးချေရှို့၏ အထူးလိုအပ်ချက်များအား အထူးအလေးထားထည့်သွင်းစဉ်းစားရန် သက်ဆိုင်သူအုပ်စုရို့အားလုံးအား တိုက်တွန်းတောင်းဆိုသည်။

■ လက်နက်ကိုင်ပဋိပက္ခများကြောင့် အမျိုးသမီးရို့နှင့် အမျိုးသမီးချေရှို့အပေါ် ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးရို့၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးရို့တွင် ပါဝင်ဆောင်ရွက်သည့် ကွဲပြားသည့် လိင်အချိုးအစား (Gender dimensions) နန့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု ကိုယ်စားလှယ်အဖွဲ့များတွင် ပါဝင်သည့် ယောက်ကျား၊ မိန်းမ ပါဝင်မှုအချိုးနန့်ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှုရို့အား လို့လာမှုတခုပြုလုပ်၍ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာ တစ်ခု တင်သွင်းရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုသည်။

# ငြိမ်းချမ်းရေးအား လက်တွေ့ ဖော်ဆောင်ခြင်း

*အမျိုးသမီးရို့၊ ငြိမ်းချမ်းရေးနန့် လုံခြုံရေးဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အား ထောက်ခံအားပီးမှုရရှိရန် လုပ်ဆောင်ခြင်းနန့် အကောင်အထည် ဖေါ်ခြင်းဆိုင်ရာ စဉ်းစားချက်များ။*

ငြိမ်းချမ်းရေး စိစပ်ဆွေးနွေးမှုများတွင် အမျိုးသမီးများ ထည့်သွင်းပါဝင်ရေးအား ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တွင် တိုက်တွန်းဖော်ပြထားသည်။ ငြိမ်းချမ်းရေး စိစပ်ဆွေးနွေးမှုများတွင် အမျိုးသမီးရို့နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ညှိနှိုင်းတိုင် ပင်ဆောင်ရွက်ရန် ဤဆုံးဖြတ်ချက်က အလေးအနက်ပြုတောင်းဆိုသည်။ ပဋိပက္ခ တားဆီးကာကွယ်ခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် ပဋိပက္ခလွန်ကာလ ပြန်လီတည်ဆောက်ခြင်းများ၏ လုပ်ဆောင်မှုအသွင်သဏ္ဍာန်အမျိုးမျိုးရို့တွင် လိင်ခွဲခြားမှုမဟိသည့်အမြင်ဖြင့် ချဉ်းကပ်ခြင်းများအား အာမခံရန်လည်း အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် အခြားသက်ဆိုင်သူအားလုံးရို့အား ဤဆုံးဖြတ်ချက်က အလေးအနက်ပြု တောင်းဆိုသည်။

ကျွန်ုပ်ရို့အားလုံးသည် ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)အား အားပီးထောက်ခံမှုရဟိရန် လုပ်ဆောင်သူရို့ဖြစ်ပြီး စကားလုံးဖော်ပြချက်မှတဆင့် လက်တွေ့လုပ်ဆောင်မှု ဖြစ်လာစီရန် အာမခံရမည်ဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ပြည်သူလူထုနန့် အခြားသူအားလုံးရို့နှင့် နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်ရန်ရို့အတွက် စဉ်းစားချက်များကို အောက်တွင်ဖော်ပြလိုက်သည်။ ၄င်းရို့မှာ ကနဦးစဉ်းစားချက်များသာဖြစ်ပြီး မိမိရို့၏အမြင်ဖြင့် ထပ်မံထည့်သွင်း ဖြည့်စွက်ရန်ဖြစ်သည်။

**ပညာပီးခြင်းနန့် သတင်းပီးခြင်း**

✡ အမျိုးသမီးရို့အား ပဋိပက္ခတားဆီးကာကွယ်ခြင်းနှင့်ဖြေရှင်းခြင်းဆိုင်ရာ (သို့) ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နန့် ပတ်သက်သည်ရို့ကို သင်ယူစီခြင်း။

✡ လုံခြုံရေးဆိုင်ရာအကြောင်းအရာကိစ္စရပ်များနှင့်ထောက်ခံအားပေးသည့် ကိရိယာတစ်ခုအဖြစ် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အား ၄င်းရို့ မည်သို့အသုံးပြုနိုင်ကြောင်း မတူကွဲပြားသည့် အမျိုးသမီးအစုအဖွဲ့ရို့ကြား ဆွေးနွေးပြောဆိုရန်စီစဉ်ခြင်း။

✡ စစ်ပွဲကာလအတွင်း အမျိုးသမီးရို့အား အကြမ်းဖက်မှုအတွက် တရားမျှတမှုနန့် တာဝန်ယူမှုအား အာမခံရေး၊ အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေး စိစပ်ဆွေးနွေးမှုများနန့် ပဋိပက္ခလွန်ကာလ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် ကွဲပြားသည့် အခွင့်အလမ်းအမျိုးမျိုးရို့အား သတိပြုမိစီမှု မြှင့်တင်ခြင်း။

✡ မိမိ၏ဒေသတွင် အမျိုးသမီးရို့နှင့် အမျိုးသမီးချေရို့၏ လူ့အခွင့်အရေးများအား ကာကွယ်ခြင်းနန့် လေးစားလိုက်နာခြင်းအား အမြဲမပြတ်စောင့်ကြည့်လေ့လာခြင်း။

## သတိပေါ်စီရေးနှင့် စီမံချက်ချလုပ်ဆောင်ခြင်းများကို ဖော်ဆောင်ခြင်း

ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးရို့၏ အခန်းကဏ္ဍနှင့် အတွေ့အကြုံများကို သတင်းဌာနရို့တွင် ထည့်သွင်းဖော်ပြသည့် လုပ်ဆောင်ရေးနည်းလမ်းများ ဖော်ဆောင်ခြင်း။

- သတင်းထုတ်ပြန်ချက်များ
- စာနယ်ဇင်းဆိုင်ရာ ဆောင်ရွက်မှုများ
- လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များ
- နံရံကပ်ကားချပ် (ပိုစတာ) များနှင့် အမှတ်တရကဒ်ပြားများ
- ရုပ်ပုံ၊ ကာတွန်းပုံများ သင့်လျော်သလိုပါဝင်သည့် လက်ကမ်းစာရွက်များအပါအဝင် စာရွက်စာတမ်းများ ––––––
- ပညာရည်နိမ့်ပါးသည့်သူရို့အတွက် သင့်လျော်သည့်ရုပ်ပုံများနန့် အသံများပါဝင်သည့် ဓာတ်ပြားချပ်များ
- ပဋိပက္ခဆိုင်ရာ ရှီးသားဖော်ပြချက်များတွင် မတူကွဲပြားသည့် လိင်အခြေခံအမြင်၊ သဘောထား၊ ရပ်တည်ချက်များ ထည့်သွင်းဖော်ပြရန် စာနယ်ဇင်းများသို့ စာများရှီးသားပီးပို့ပါ။

- ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စများတွင် အမျိုးသမီးရို့ ပါဝင်နိုင်ရေးအတွက် လမ်းစဉ်မူဝါဒ ချမှတ်ရှိုးဆွဲသည့် အစုအဖွဲ့များ မိမိဒေသတွင် ဖွဲ့စည်းခြင်း။
- ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အမျိုးသမီးရို့၏ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများအတွက် ရံပုံငွေထောက်ပံ့ခြင်း။

## ထိရောက်သော မူဝါဒ

❖ အထွေထွေအတွင်းရေးမှူးချုပ်၏ လက်အောက်ဟိ ငြိမ်းချမ်းရေးထိန်းသိမ်းမှု စီမံကိန်းများဌာန အကြီးအကဲ ယွန်း–မေရီ ဂူးဟန်နို (Jean-Marie Guehenno) ထံသို့ ပန်ကြားတောင်းဆိုချက်များ အောက်ပါလိပ်စာအတိုင်း ပို့ပါ။

**Jean-Marie Guehenno**
**Room S-3727B, United Nations, New York, NY 10017**

❖ ကုလသမဂ္ဂဟိ ဆုံးဖြတ်ချက်ချမှတ်သူရို့အား ဆက်သွယ်ပါ။
(ကြည့်ပါ– http://www.peacewomen.org/un/basics/map.html)

❖ နိုင်ငံကိုယ်စားပြု ကုလသမဂ္ဂကိုယ်စားလှယ်အား ဆက်သွယ်ပါ။
(ကြည့်ပါ–http://www.peacewomen.org/contacts/conindex.html)

❖ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးစီမံကိန်းများသို့ တပ်များပို့စီလွှတ်ခြင်းနှင့် သက်ဆိုင်သည့် မိမိအစိုးရသို့ဆက်သွယ်ပါ။

❖ ဒုက္ခသည်စခန်းနီရာများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် တို့ဆုံပြီး အမျိုးသမီးဒုက္ခသည်ရို့အား ကာကွယ်ခြင်းဆိုင်ရာ မဟာမင်းကြီး၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးပါ။

❖ ဒုက္ခသည် အရေးသူငယ်ရို့အား စောင့်ရှောက်ခြင်းနန့် ကာကွယ်ခြင်းဆိုင်ရာရို့

အတွက် မိမိနိုင်ငံပဟိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဝန်ထမ်းများနှင့်အတူ လမ်းညွှန်ချက်များ ရွှေးဆွဲချမှတ်ပါ။

- ❖ အမျိုးသမီးရို့၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ထိရောက်သည့်ဥပဒေများ ပြဋ္ဌာန်းရန် မိမိနိုင်ငံလွှတ်တော်တွင် လှုံ့ဆော်စည်းရုံးခြင်း၊ ပြန်ကြားတိုက်တွန်းခြင်းများပြုလုပ်ပါ။

- ❖ ကျားမ မခွဲခြားဘဲ အမြင်ပဟိရေးဆိုင်ရာ သင်တန်းများအတွက် မိမိဒေသ၊ ယဉ်ကျေးမှုနှင့် သင့်လျော်ကိုက်ညီသည့် အထောက်အကူပစ္စည်းများ ထုတ်လုပ်ပါ။

- ❖ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား သက်ဆိုင်သည့် မူဝါဒချမှတ်ရွှေးဆွဲသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများထံသို့ ဖြန့်ဝေပါ။

- ❖ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား မိမိဘာသာစကားသို့ ပြန်ဆိုပြီး **info@peacewomen.org** သို့ ပီးပို့ပါ။

- ❖ နိုင်ငံတကာ ဥပဒေများအား ချိုးဖောက်မှု၊ အမျိုးသမီးနှင့် အမျိုးသမီးချေရို့၏ အခွင့်အရေးများအား ချိုးဖောက်မှုရို့နှင့်ပတ်သက်သည့် အထောက်အထားများ စုဆောင်းခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းများ ပြုလုပ်ပါ။

- ❖ info@peacewomen.org သို့ သတင်းအချက်အလက်များ ပီးပို့ခြင်းဖြင့် အမျိုးသမီးရို့၏ ကြိုးပမ်းဆောင်ရွက်မှုများအား ပိုမိုသိသာထင်ရှားစီရန် ပြုလုပ်ပါ။

## ဆက်သွယ်လုပ်သျှားဆောင်ရွက်ခြင်းနန့် သတင်းအချက်အလက်မျှဝီဖလှယ်ခြင်း

- ❖ အခြားအမျိုးသမီးအဖွဲ့အစည်းများနန့် ဆက်သွယ်လုပ်သျှားဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ပါ။
  ကြည့်ပါ http://www.peacewomen.org/contacts/conindex.html

- ❖ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ အချက်အလက်များ စုဆောင်းဖြန့်ဝီပါ။

- ❖ အမျိုးသမီးရေးရာ ကော်မရှင်တွင်လည်းကောင်း၊ အမျိုးသမီးအစုအဖွဲ့ရှိနှင့်လည်းကောင်း၊ မူဝါဒရေးရာ မိတ်ဖက်များနန့်လည်းကောင်း မိမိရို့၏ အတွေ့အကြုံများကို မျှဝီဖလှယ်ပါ။

- ❖ မိမိ၏ စိတ်ကူးစဉ်းစားချက်များကို ဤနီရာတွင် ဖြည့်သွင်းပြီး **info@peacewomen.org** သို့ ပီးပို့ပါ။

*၄၆ ကြိမ်မြောက် အမျိုးသမီးရေးရာ ကော်မရှင်ညီလာခံအတွင်း ပြုလုပ်သည့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများမှ အစိုးရမဟုတ်သော အလုပ်အဖွဲ့များ၏ စီစဉ်ထုတ်ဝီမှုဖြစ်သည်။*

ကျမ်းကိုး– http://www.peacewomen.org/un/sc/1325.html

ဘာသာပြန်သူ– စောခင်နန်းစံ

ဒီဇိုင်း ၊ စာစီ – ခိုင်တင်မောင်ကျော်

## အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းအသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော တော်လှန်ရေးနယ်မြေရောက် အမျိုးသမီးထု၏ ထမဦးဆုံးသော အဖွဲ့ချုပ်ကြီးဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်နီသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံရှိ့မှ နယ်စပ်ဒေသရှိ့ဟိ အမျိုးသမီး အဖွဲ့အစည်း (၁၁) ဖွဲ့ ပါဝင်သည်။ ဤအဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် တည်ထောင်ဖွဲ့စည်းခသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ အဆင့်အတန်းတိုးတက်မြင့်မား လာစီရေးနှင့်အရည်အချင်းပြည့်ဝစီရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းရှိ့မှတဆင့် ဒီမိုကရေစီလှုပ်သျှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လီသင့်မြတ်ရေးအပါအဝင်ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစီရေးအတွက် လှုပ်သျှားဆောင်ရွက်နီသည့် အဖွဲ့အစည်းဖြစ်သည်။

**Women’s League of Burma (WLB)**
**PO Box 413, GPO**
**Chiangmai 50000 Thailand**
**wlb@womenofburma.org**